Special Advisory Council for

MYANMAR

# နိုင်ငံတကာအစိုးရများသည် စစ်အုပ်စု၏ ရှက်ဖွယ် အတုအယောင် ရွေးကောက်ပွဲကို ချက်ချင်းအဆုံးသတ်ရန် ပြတ်ပြတ်သားသား တောင်းဆိုရမည်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်။

နိုင်ငံအနှံ့ ဆန့်ကျင်ကန့်ကွက်မှုများ၊ ရွေးကောက်ပွဲပထမပိုင်း လာရောက်မဲပေးသူ အလွန်နည်းပါးသည့် အခြေအနေများနှင့် နေရာအနှံ့ ရွေးကောက်ပွဲဆိုင်ရာမူမမှန်မှုများကို ဂရုမစိုက်ပဲ မြန်မာစစ်အုပ်စုသည် ၎င်း၏ အတုအယောင်ရွေးကောက်ပွဲ “ဒုတိယပိုင်းကို” တနင်္ဂနွေနေ့တွင် ဆက်လက် ကျင်းပရန် စီစဉ်ထားသည်။

စစ်အုပ်စုသည် ဒီဇင်ဘာလ၊ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲပထမပိုင်းတွင် အရှက်တကွဲ ဖြစ်ခဲ့ရသည်။ နေရာအနှံ့ ရွေးကောက်ပွဲဆန့်ကျင်ကန့်ကွက်မှုများသည် စစ်အုပ်ချုပ်ရေးသွတ်သွင်းရန် ကြိုးပမ်းမှုကို ဆက်လက်ငြင်းပယ်ကာ တွန်းလှန်ဖီဆန်နေသည့် မြန်မာပြည်သူများ၏ ရဲစွမ်းသတ္တိနှင့် ပြတ်သားမှုကို ပြသနေသည်။ လူရှင်းနေသော မြို့ပြလမ်းမများနှင့် မဲပေးသူမရှိသောမဲရုံများသည် စစ်အုပ်စု၏ တရားဝင်မှုလုံးဝမဲ့နေသောအဖြစ်ကို ထပ်မံပေါ်လွင်စေလျက်ရှိသည်။

**“မြန်မာပြည်သူတွေက သူတို့ဆုံးဖြတ်ချက်ကို ချပြထားပြီးသားပဲ”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) ၏အဖွဲ့ဝင် Yanghee Lee ကပြောသည်။ **“ပြည်သူတွေက စစ်အုပ်စုနဲ့ သူရဲ့ အတုအယောင် ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ငြင်းပယ်ကြတယ်။ ရွေးကောက်ပွဲ ပထမပိုင်းဟာ စစ်အုပ်စုက လုံးဝလူတကာရယ်စရာ ဖြစ်တယ်ဆိုတာကို ပေါ်လွင်စေရုံထက်မပိုပါဘူး။ ဒါကိုပဲ ဘာလို့ ရွေးကောက်ပွဲ ဆက်လုပ်နေဦးမှာလဲ။”**

**“အာဆီယံအပါအဝင် သက်ဆိုင်ရာ နိုင်ငံတကာအစိုးရတွေဟာ အလိမ်အညာရွေးကောက်ပွဲကို ယတိပြတ်ငြင်းပယ်ပြီး ဒီရုပ်ပျက်ဆင်းပျက်လုပ်ရပ်ကို အဆုံးသတ်ရပါမယ်။ ပြီးရင် မြန်မာနိုင်ငံရဲ့ တရားဝင် ဒီမိုကရေစီအစုအဖွဲ့တွေနဲ့ ထိတွေ့ဆက်ဆံရပါမယ်”** ဟု Yanghee Lee ကထပ်ပြောသည်။

ဤအတုအယောင်ရွေးကောက်ပွဲသည် စစ်အုပ်၏ ကိုယ်ပွားပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ အောင်နိုင်ရေးအတွက် အခိုင်အမာ အကွက်ချထားသောလုပ်ဇာတ်တစ်ခုဖြစ်သည်။ စစ်မှန်သောနိုင်ငံရေးပါတီများနှင့် အထူးသဖြင့် လူထုထောက်ခံမှုအများဆုံးရရှိထားသောပါတီများသည် ရွေးကောက်ပွဲတွင် မပါဝင်နိုင်အောင် ပိတ်ပင်ခံထားရကာ ဒီမိုကရေစီ ခေါင်းဆောင်များသည်လည်း နိုင်ငံရေးအကျဉ်းသားများအဖြစ် ပိတ်လှောင်ခံထားရသည်။

တနင်္ဂနွေနေ့တွင် မဲပေးရန် အချိန်နီးကပ်လာနေသော်လည်း စစ်အုပ်စု၏ နယ်မြေလွှမ်းခြုံနိုင်စွမ်းအကန့်အသတ်ကြောင့် ယခုအချိန်အထိ မည်သည့်နေရာများတွင် မဲရုံများဖွင့်မည်ကို ရှင်းရှင်းလင်းလင်း မသိ

ရချေ။ ရွေးကောက်ပွဲပထမပိုင်း၌ မဲရုံအများအပြားတွင် မဲပေးသည့်အစီအစဉ်ကို ပြန်လည်ဖျက်သိမ်းခဲ့ကာ အချို့သောအခြေအနေများတွင် မဲရုံများမဖွင့်မီ နာရီပိုင်းအလိုတွင် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲများသည် ဒီမိုကရေစီမဟုတ်သည့် ရက်စက်သော အာဏာရှင်နိုင်ငံ အနည်းငယ်ကပေးသည့်တရားဝင်မှုကိုပင် ရသလောက်ယူမည်ဟူသည့် တရားဝင်မှုရရှိရေး ကြံရာမရ ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အုပ်စု၏ အဓိပ္ပါယ်မရှိသော လုပ်ရပ်ကို ချက်ချင်းအဆုံးသတ်နိုင်ရေး အတူတကွဝိုင်းဝန်းတောင်းဆိုရန်နှင့် စစ်အုပ်စုကို မည်သည့်ပုံစံတွင် မဆို ပြတ်ပြတ်သားသား ငြင်းပယ်ရန် မဖြစ်မနေလိုအပ်သည်။

ထိုသို့ပြုလုပ်ရန်ပျက်ကွက်ပါက ဒေသတွင်းရှိ အာဏာရှင်စနစ်ဘက်ယိမ်းနေသော အာဏာပါဝါကို ဆာလောင်နေသည့် စစ်ဗိုလ်ချုပ်များအားလုံးကို မီးစိမ်းပြလိုက်သလိုဖြစ်သွားကာ တဖြေးဖြေး လုံးပါးပါးလာနေသော နိုင်ငံတကာ ဒီမိုကရေစီစံနှုန်းများကိုလည်း ရေရှည်ထိခိုက်နစ်နာမှု ဖြစ်စေပါလိမ့်မည်။

နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများတွင် ကြံရာပါ ဖြစ်စေပါလိမ့်မည်။ အစီရင်ခံစာများအရ ပြီးခဲ့သောလအနည်းငယ်အတွင်းတွင် စစ်ကိုင်းတိုင်းတစ်ခုထဲတွင်ပင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၉၀ နီးပါး သေဆုံးခဲ့ရသည်ဟု သိရသည်။ ထို့ပြင် စစ်အုပ်စုသည် ညှင်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခြင်း၊ အဓမ္မနေရပ်စွန့်ခွာထွက်ပြေးစေခြင်း နှင့် လူသားချင်းစာနာမှုအကူအညီများကို ဟန့်တားထိန်းချုပ်ခြင်း စသည့်နည်းလမ်းများဖြင့် အတိုက်အခံများဟုယူဆသူများကို ဆက်လက် နှိပ်ကွပ်လာခဲ့သည်။

ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို အဆုံးသတ်ရန် နိုင်ငံတကာဘက်က အရေးတကြီး အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်နေသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မြန်မာ၏ အိမ်နီးချင်းနိုင်ငံများနှင့် ကုလသမဂ္ဂအပါအဝင် အခြားသော နိုင်ငံတကာအသိုင်းအဝိုင်းတို့သည် စစ်အုပ်စု၏ စစ်ယန္တရားများကို ဟန့်တားနိုင်ရန် စစ်အုပ်စုထံ စစ်လက်နက်ပစ္စည်းနှင့် လေယာဉ်ဆီ တင်ပို့ရောင်းချမှုကို အလုံးစုံ တားမြစ်ပိတ်ပင်နိုင်အောင် ဆောင်ရွက်ရမည်။ ထို့ပြင် စစ်အုပ်စုထံ ငွေကြေးမစီးဆင်းနိုင်အောင် ဘဏ္ဍာရေး ဆိုင်ရာပိတ်ဆို့အရေးယူမှုများလည်း ပြုလုပ်ရမည်။

စစ်အုပ်စုကရရှိနေသော ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို အဆုံးသတ်နိုင်ရန် ထိပ်ပိုင်းစစ်ဗိုလ်ချုပ်များကို ၎င်းတို့ကျူးလွန်ထားသော ရက်စက်ကြမ်းကြုတ်မှုများအတွက် နိုင်ငံတကာရာဇဝတ်တရားရုံးနှင့် အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးနေသော ပြည်တွင်းတရားရုံးများ ရှေ့မှောက် ခေါ်ဆောင်စစ်ဆေးနိုင်အောင် ဆောင်ရွက်သင့်သည်။

နိုင်ငံတကာ အစိုးရများအနေဖြင့် မြန်မာပြည်သူများနှင့် ၎င်းတို့၏ စစ်မှန်သော ဒီမိုကရေစီနည်းလမ်းကျဆန္ဒများ၊ မျှော်မှန်းချက်များနှင့် အတူရပ်တည်ကြရန် SAC – M ကတောင်းဆိုပါသည်။ ထို့မှတဆင့် အများပါဝင်မှုရှိသည့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီမြန်မာနိုင်ငံ ဖြစ်ပေါ်လာရေး ကတိကဝတ်ပြု [ကြိုးပမ်းတည်ဆောက်နေကြသော] တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အမျိုးသား

Special Advisory Council for

MYANMAR

ညီညွတ်ရေးအစိုးရ အပါအဝင် မြန်မာနိုင်ငံ၏ တရားဝင်ဒီမိုကရေစီအင်အားစုများကို ပိုမိုခိုင်မာအားကောင်းသော ပံ့ပိုးကူညီမှုများ ပေးနိုင်အောင် ဆောင်ရွက်ရမည်။


info@specialadvisorycouncil.org

www.specialadvisorycouncil.org

@SpecialCouncil

special-council.bsky.social